ဝမ်ဖိုင်ကျေးရွာ

ကွန်ဟိန်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၉-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမ်ဖိုင်ကျေးရွာ၊ ကွန်ဟိန်းမြို့နယ်

စိုက်ပျိုရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။

၂၀၂၀ ခုနှစ်၊စက်တင်ဘာ လ၊ ရက်

မာတိကာ

မာတိကာ 1

စကားချီး 6

ဝမ်ဖိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကွန်ဟိန်းမြို့နယ် 7

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် 8

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် 8

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) နိုင်ငံတော်အစိုရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ 9

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ 10

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှု

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ 11

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦး–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ 13

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ 14

(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ 15

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း (ခ)
စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး (ဂ)
ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ 15

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်အုပ်စုခွဲခြားခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလများ

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် 19

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ 19

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း 20

(က) ကြီးကြပ်စစ်ဆေးခြင်း

နောက်ဆက်တွဲ

စီမံကိန်းဇယားများ 22

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

(ဂ) သဘာဝရင်းမြစ်များ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

(င) ထိခိုက်လွယ်မှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
(ဂ) ရွှေ့ပြောင်းလုပ်သားများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
(ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်
ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ
(င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
(ဆ) ပညာရေး
ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား (၃၁) ကျောင်းတက်နှုန်း
ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
(ဇ) ကျန်းမာရေးနှင့်အာဟာရ

ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး
ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား (၃၈) အိမ်သာ အမျိုးအစား
(ည) ကျား – မ ရေးရာ
ဇယား (၃၉) ကျား – မ ရေးရာ
(ဋ) အခြေခံ အဆောက်အဦများ အခြေအနေ
ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
(ဌ) လျှပ်စစ်မီးရရှိမှု
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
(ဍ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

(ဎ)ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ
ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

ဖွံ့ဖြိုးရေးဗျူဟာနှင့် တည်ဆောက်မှုအခြေပြဇယား 58

ကိုးကားစာရင်း 61

စီမံချက်ဆိုင်ရာအချက်အလက် 62

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အချက်အလက်များကို တက်တက်ကြွကြွနှင့်ပံပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါရှိမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော အချက်အလက်ရရှိနိုင်သောနေရာများအပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများနှင့် နောင်တွင်လည်းဖွံ့ဖြိုးရေးဆိုင်ရာအခြေအနေများဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်၏ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဒအဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)တွင် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်သည်။

စက်တင်ဘာလ၊ ၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမ်ဖိုင်ကျေးရွာ၊ကွန်ဟိန်းမြို့နယ်

ဝမ်ဖိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကွန်ဟိန်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာမှလိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများကိုသိရှိလာနိုင်မည့်ဖြစ်ကြောင်းသိရှိရပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။

ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့ရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်အလက်များ၊ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေသောအချက်များ နှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များကိုရရှိရန် ကျေးရွာအနေနှင့်ေ ဆာင်ရွက်မည့်နည်းဗျူဟာများစီမံချက်များကိုဖော်ပြထားပြီး ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ၊သတင်းအချက်အလက်များအားအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

(ခ)နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်အဆင့်၊ပြည်ေ ောင်စုအဆင့် ၊အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျေးရွာနှင့် ကျေးလက်လူထု၏
တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျေးရွာနှင့်ဆိုင်သောသုတေသနလုပ်ငန်းများကိုစီစဉ်ေ ောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များ၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုမိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်း ပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုသည် အဓိကနေရာတွင်ပါဝင်သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးလိုအပ် ချက်အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကာလိမြို့နယ်ခွဲ ဝမ်ဖိုင်ကျေးရွာအုပ်စုအတွင်းတည်ရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မလှမ်းမဝေးမျှသာ ကွာဝေးပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဒေသသည် အများအားဖြင့် နွေမိုးဆောင်း ရာသီဥတု သင့်တင့်မျှတပါသည်။ စိုက်ပျိုးရေးလုပ်ငန်း အတွက်အဆင် ပြေသော ရာသီဥတုမျိုးရှိပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဓိက အားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအများအပြားရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများသည် ချောင်းရေဖြင့် လယ်မြေကအားလုံးနီးပါး စပါးစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်လယ်မြေက(၂၄၀)ရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၇၆) စုနှင့် ကျား(၉၀)၊ မ(၁၀၆) စုစုပေါင်း (၁၉၆) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ဦးနှုန်းရှိပါသည်။ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည်

ကျေးရွာရှိလူဦးရေပေါင်း၏(၈၀%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို အသိပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက် အောင်ဆောင်ရွက်နိုင်ပါသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် (၅၄%) နှင့် အမျိုးသားဦးရေသည် (၄၆%) ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာမှာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီး အသက်မွေးဝမ်း ကြောင်းပြုသော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအား အဓိကထားလုပ်ကိုင်ဆောင် ရွက်သော အိမ်ထောင်စုများမှာ မိမိလုပ်ငန်းအပေါ် ရပ်တည်နေထိုင်နိုင်မှု မြင့်ပါသည်။ မွေးမြူရေး နှင့် ရေလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်သာရှိပါသည်။ ကုန်ထုတ်လုပ်ငန်း၊လက်သမား၊ပန်းရံလုပ်ငန်း၊လက်လီလက်ကားရောင်းဝယ်ရေးနှင့်စားသောက် ဆိုင်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုအတော်အသင့်ရှိပြီး မိမိလုပ်ငန်းအပေါ် ရပ်တည်နိုင်မှု အလယ် အလတ်သာရှိပါသည်။ ကိုယ်ပိုင်မဟုတ်သော အလုပ်အပေါ် မှီခိုလုပ်ကိုင်နေသောအိမ်ထောင်စု (၇)အိမ်သာရှိပြီး ရပ်တည်နိုင်မှုမှာ အလယ်အလတ်သာရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ ပညာရေးဝန်ထမ်း(၁)ဦးနှင့်ကျန်းမာရေးဝန်ထမ်း(၁)ဦးရှိပါသည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ဖြစ်သော(၃၁)အိမ်ထောင်စု ကိုလေ့လာဆန်း စစ်မှုအရ ဝမ်းစာဖူလုံမှုရှိပြီး၊အကြွေးတင်ရှိမှုတွင်လည်းဆွေမျိုးများထံမှချေးယူ၍ အခြားပစ္စည်းများဝယ် ယူရေးတွင်အသုံးပြုကြသည်။အိမ်ထောင်စုအားလုံးနီးပါးသည် အမျိုးသားများသာဦး ဆောင်ကြပါသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မရှိသလောက်နည်းပါးပြီး သက်ကြီးရွယ်အိုများသည် လည်းမိသားစု စောင့်ရှောက်မှုရှိသူများဖြစ်ကြသည်။ စီးပွားရေးနှင့် အခြားအခြေအနေများကြောင့် ထိုင်းနိုင်ငံ သို့သွားရောက်လုပ်ကိုင်နေရသူအနည်းငယ်များသည်။ လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ် သောရောဂါများ မရှိပါ။ အရက်နှင့်မူးယစ်ဆေးဝါး သုံးစွဲမှုအန္တရာယ် ရှိတတ်ကြသည်။

ယခုနှစ်ပိုင်း ကျေးရွာတွင်အမှုအခင်းဖြစ်ပွားမှုမရှိပါ။

(ဃ) ကျန်းမာရေးနှင့်အဟာရ

ငှက်ဖျား ၊ **HIV** ၊ **AIDS**၊ အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်ရောဂါ များဖြစ်ပွားမှုမရှိပါ။ ကျန်ရောဂါများဖြစ်ပွားမှုအနည်းငယ်သာရှိပါသည်။ရောဂါဖြစ်ပွားလာပါက မြို့နယ်ဆေးရုံနှင့် လက်လှမ်းမှီ မှုရှိပါသည်။ ကျေးရွာတွင်လိုအပ်သောကာကွယ်ဆေးများအလုံးအချိန်မီထိုးနှံပြီးဖြစ်ပါသည်။

(င)ပညာရေးနှင့်ကျွမ်းကျင်မှု

ကျေးရွာတွင် ပညာရေးနှင့် စာတတ်မြောက်မှုအနေအထားမှာ ယခင်ကကျေးရွာတွင်းစာသင်ကျောင်း မရှိခြင်းနှင့် နယ်မြေအနေအထားတို့ကြောင့် ကျောင်းမနေသူ၊ စာမတတ်သူများပြားပါသည်။ ယခုအခါကျေးရွာတွင်းစာသင်ကျောင်းရှိခြင်းနှင့် ပညာသင်ကြားရန် သွားလာရမှုလွယ်ကူခြင်းရှိလာသောကြောင့် ကျောင်းနေမှုနှုန်းနှင့်စာတတ်မြောက်မှုနှုန်းမှာတိုးတက်မြင့်မားလျက်ရှိသည်။

စ)ကျား/မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုနှင့် တာဝန်ယူမှုအပိုင်းတွင်လည်းညီမျှမှုရှိပါသည်။ ကျေးရွာတွင်ကျားနှင့် မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/မီး များသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တန်းတူရရှိသည်ဟုပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများကပိုမိုရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှ အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်နည်းပါသည်။ ကျား/မတန်းတူ ညီမျှမှုနှင့် ပါတ်သက်၍အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု ၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ သတ်သတ်မှတ်မှတ်ဖွဲ့စည်းထားခြင်းမရှိပါ။ ကျေးရွာရှိ ဖွံ့ဖြိုးရေးများ၊သာရေး၊နာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကသာအဓိကဦးဆောင်၍ လုပ်ကိုင်ပါသည်။

(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏အဓိကထွက်ကုန်မှာစပါးဖြစ်ပြီး အကျိုးအမြတ်အရဆုံးသီးနှံ မှာ ပြောင်းဖူးပဲပုပ်နှင့်နှမ်းများဖြစ်သည်။သို့သော် အကျိုးအမြတ်အနည်းငယ်သာရှိသော ကြောင့် စိုက်ပျိုးသူနည်းပါးပါသည်။ သီးနှံထွက်ကုန်များ၏ဈေးကွက်အနေအထားတည်ငြိမ်မှု အတန်အသင့်ရှိပါသည်။ အရှုံးပေါ်သည့် အခြေအနေမျိုးမရှိပဲ အမြတ်နည်းသည့်အခြေအနေမျိုးသာတွေ့ကြုံရလေ့ရှိပြီး ကိုယ်တိုင်ကိုယ်ကျသာ ကုန်သွယ်ရောင်းချမှုပြုလုပ်ပါသည်။

ကျေးရွာအနေဖြင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူအိမ်ထောင်စုအနည်းငယ်သာရှိပါသည်။နွား၊ကျွဲ၊ဝက်၊ကြက်စသည်များမွေးမြူကြပြီး မိမိအိမ်စားသောက်ရန်နှင့် ရောင်းချရန်မွေးမြူပါသည်။ မွေးမြူမှုနည်းပါးသောကြောင့် ထွက်ကုန်နည်းပါးပါသည်။ ထို့ကြောင့်ဝင်ငွေရရှိမှုမှာလည်းအလယ်အလတ်သာရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက ထားလုပ်ဆောင်ပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်စိတ်ဝင်စားမှုနည်းပါးပါသည်။သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများကောင်းစွာရှိသော်လည်းစားကျက်မြေနည်းပါးမှုအနည်းငယ်ရှိပြီး

ရွာသူရွာသား များအနေဖြင့်လည်းစိုက်ပျိုးရေးလုပ်ငန်းကိုသာ မိရိုးဖလာလုပ်ကိုင်
လာကြပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ဆန္ဒမရှိပါ။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်း စွာရှိသော်လည်း ဝင်ငွေရရှိမှုမှာ ပုံမှန်မရှိခြင်းနှင့်နည်းပါးမှုများဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မိမိအသက်မွေးဝမ်းကျောင်းပညာအားကျွမ်းကျင်စွာမတတ်မြောက်ခြင်းကြောင့်ဖြစ်ပါသည်။ အသက်မွေးဝမ်း ကျောင်းပညာ ကျွမ်းကျင်မှုမရှိသောကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့်ဝင်ငွေမတည်ငြိမ်မှုများ ဖြစ်ပေါ်ပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ဝင်ငွေရသောလုပ်ငန်းများမှာ နေ့စားလုပ်ငန်းများ၊ ကျပန်းလုပ်ငန်းများနှင့် အိမ်ဆိုင်ဈေးရောင်းစသည်တို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာ ဥယျာဉ်ခြံ လုပ်ငန်းသာရှိသည်။ ကျပန်းအလုပ်သမားအများစု မှာစိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းများရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားသောအခြေအနေမျာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ သက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် ထိတွေ့မှုနည်းပါးကြသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် နိမ့်ကျကြပြီး သင်တန်းစရိတ်နှင့် လုပ်ငန်းထူထောင်ရန် ငွေကြေးမတတ်နိုင်ကြ ပါ။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအနည်းငယ်သာရှိပြီးလိုအပ်ချက်များစွာရှိပါ သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အလယ်အလတ်အဆင့်ရှိပြီး စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနိမ့် ပါသည်။ အသိပညာဗဟုသုတနည်းပါးခြင်းနှင့် စာဖတ်အားနည်းခြင်းကြောင့် ဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့စီးပွားရေးဘဏ်နှင့်လက်လှမ်းမှီပြီးချေးယူမှုမရှိပါ။မိတ်ဆွေနှင့်ဆွေမျိုးများထံမှသာလိုအပ်ပါ ကချေးယူလေ့ရှိပြီး အပေါင်ပေးရခြင်း၊ အတိုးပေးရခြင်းမရှိပါ။ကျေးရွာတွင်အကြွေးတင်ရှိမှုနည်းပါးပါသည်။အခြားပစ္စည်းများဝယ်ယူရန်အတွက်သာ ချေးယူကြ သည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအတွင်းမူလတန်းကျောင်းတည်ရှိပါသည်။စာသင် ကျောင်း၏ အဆောက်အအုံမှာကောင်းမွန် ပါသည်။ကျောင်းသုံးပရိဘောဂများ၊ ဆရာ/မ များလုံလောက်မှုရှိပါသည်။ ကျောင်းသို့ ခြေလျင်၊ စက်ဘီး၊

ဆိုင်ကယ်တို့ဖြင့်သွားရောက်ပါသည်။ကျောင်းအိမ်သာအခြေအနေအသင့်အတင့်ရှိပြီးကျောင်းတွင်းအာဟာရ တိုက်ကျွေးမှု ပုံမှန်ရှိပါသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်းမြို့နယ်ဆေးရုံနှင့်နီးကပ်ပါသည်။ ကျေးရွာအနီးအနားတွင် ဆေးဆိုင်များအနည်းငယ်ရှိပြီး ဆေးဝါးများစနစ်တကျ သိုလှောင်ထားပါသည်။

တွင်းရေကိုအများဆုံးအသုံးပြုပါသည်။အိမ်တိုင်းနီးပါးရေတွင်းရှိကြပြီးရေတွင်းမရှိသောအိမ်များနှင့် လဲစုပေါင်းသုံးစွဲကြပါသည်။စိမ့်စမ်းရေကိုလဲတစ်ဖက်တစ်လမ်းမှအသုံးပြုကြပြီး ရေအရည်အသွေးကောင်းမွန်ကာ ရာသီမရွေးအသုံးပြုနိုင်ပါသည်။

သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲသူ အိမ်ထောင်စုပေါင်း (၇၆)ရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲသူ မရှိပါ။သန့်ရှင်းသော,ငလုံအိမ်သာသုံးစွဲရန် ကျေးရွာရပ်မိရပ်ဖအဖွဲ့မှ စည်းရုံးသိမ်းသွင်းကာ ပြုပြင်ပြောင်းလဲလျက်ရှိပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအပန်းဖြေရန် သီးသန့်နေရာမရှိသော်လည်း ရိုးရာပျော်ပွဲရွှင်ပွဲ များ ပုံမှန်ရှိသည်။ လူငယ်များအနေဖြင့်လူမှုရေးလုပ်ငန်းများနှင့်ဘာသာရေးလုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်ပါသည်။အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာရှိပြီးအထောက်အကူပစ္စည်းများ အသင့်အတင့်သာရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးနှင့်ရိုးရာဓလေ့ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင်တက်ကြွစွာ ပါဝင်သည်။စိတ်ဝင်စားစရာများကို မိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ စာကြည့်တိုက်များမရှိပါ။

(ဇ)အခြေခံအဆောက်အဦး–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများမှာကျောက်ခင်းလမ်းများဖြစ်ကြပြီး လမ်းအခြေအနေကောင်းမွန်ကာရာသီမရွေးသွားလာနိုင်ပါသည်။ကျေးရွာတွင်းကွန်ကရစ်တံတား (၁)စင်းနှင့် သစ်သားတံတား (၆)စင်း တည်ရှိပါသည်။ တံတားများအားလုံး ရာသီမရွေးသွားလာနိုင်ပြီး အခြေအနေမှာ အသင့်အတင့်ရှိ ပါသည်။သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့်စက်ဘီး၊ဆိုင်ကယ်၊ထော်လာကျီနှင့်ကားပိုင**်ဆိုင်မှုအသင့်အတင့်ရှိပါသည်။**

ကျေးရွာတစ်ရွာလုံးဆိုလာစနစ်၊အသေးစားရေအားလျှပ်စစ်၊မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရယူသုံးစွဲကြသည်။ကျေးရွာရှိအိမ်ထောင်စုအားလုံးနီးပါးတွင်တယ်လီဖုန်းများရှိကြပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများ မရရှိနိုင်သည့်ကလွဲ၍ တခြားလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှု ရှိပါသည်။ကျေးရွာတွင်း မူခင်းဖြစ်ပွားမှု အခြေအနေများ ကြုံတွေ့ရမှု မရှိပါ။ မြို့နယ်ရဲစခန်းနှင့် လက်လှမ်းမီသဖြင့် နယ်မြေလုံခြုံမှု ရှိပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

လူငယ်ပညာတတ်များနည်းပါးသော်လည်း၊ လူဦးရေအားလုံး၏**(၈၀%)** မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်း ဖြင့်လူသားအရင်းအမြစ်တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး ကျန်းမာရေးအတွက်လိုအပ်သောပစ္စည်းနှင့်အထောက်အပံ့များကို ကွန်ဟိန်းမြို့နယ်ပြည်သူ့ ဆေးရုံတွင်အလွယ်တကူရရှိနိုင်ပြီးဆေးကုသမှုခံယူနိုင်သည်။ကျေးရွာစာသင်ကျောင်းများနှင့် ပံ့ပိုးပစ္စည်း များမှာလက်ရှိပညာရေးအနေအထားတွင် ကောင်းသောအဆင့်တွင်ရှိသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများ၊ဥယျာဉ်ခြံမြေများများပြားပြီး မြေဆီဩဇာအတော် အသင့်ကောင်းမွန်သည်။ တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ ဆောင်နိုင်သည်။ မိုးရွာသွန်းမှုမှာလည်းမိုးစပါးတွက်အထောက်အကူဖြစ်စေသည်။ ကျေးရွာတွင်ချောင်းများရှိ သည်။ကျေးရွာသည် မိုင်းကိုင်မြို့၊လားရှိုးမြို့တို့နှင့် ကူးသန်းသွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်း မွန်သဖြင့် ကျေးရွာထွက်ကုန်များတင်ပို့ရောင်းချနိုင်သည်။မွေးမြူရေးကဏ္ဍာတွင် တစ်နိုင်တစ်ပိုင်သာမွေးမြူ ကြသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင် လယ်ယာမြေများပေါများသော်လည်း မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။အထွက်နှုန်းတိုးမြှင့်အောင် သာအားစိုက်ရပေမည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းတံတား များပြုပြင်ထိန်းသိမ်းရန် လိုအပ်သောပစ္စည်းများအလွယ် တကူဝယ်ယူရရှိနိုင်သောလည်း ငွေကြေးမတတ်နိုင်ပါ။ အသက်မွေးဝမ်းကျောင်းနှင့် အသိပညာဆိုင်ရာကိစ္စ ရပ်များတွင်တက်ကြွစွာပါဝင်သော်လည်း အသိပညာများနှင့် သင်တန်းများတို့တွင်ထိတွေ့မှုအားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က)ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးပြီး လာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်–

(၁) ကျေးရွာလူထု အတွက် အလုပ်အကိုင်ဖန်တီးခြင်း၊သက်မွေးသင်တန်းများဖွင့်လှစ်ခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်းစွမ်းနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရမည်။

(၂) ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ် များ၏ လူသားအရင်းအမြစ်နှင့်စွမ်းဆောင်ရည်မြှင့်မားလာစေရမည်။

(ခ)အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများတွင်ကျယ်လာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းများတက် ရောက်နိုင်ရေးအတွက်သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာတွင် အပ်ချုပ်သင်တန်း၊မော်တော်ကားပြင် သင်တန်း များဖွင့်လှစ်နိုင်ရေးနှင့် သင်တန်းသားများတက်ရောက်နိုင်ရေးစီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများ အတွက်ကျွမ်းကျင်မှုများကို တိုးပွားစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့ နိုင်ပြီး မိသားစု ဝင်ငွေတိုးပွားစေရမည်။

(၃) ကျေးရွာရှိ မူလတန်းကျောင်းအား ခြံစည်းရိုးကာခြင်း၊မြေညှိခြင်းများ ဆောင်ရွက်ပြီး ကျောင်းသူ/သားများလုံခြုံစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာပညာသင်ကြားနိုင်းစေရန်ဆောင် ရွက်သွားမည်။ပညာရေးဌာနနှင့် ချိတ်ဆက်၍လည်း မူလွန်ကျောင်းဖွင့်နိုင်ရေးအတွက် ဆောင်ရွက် သွားပါမည်။

(၄) ကျေးရွာတွင်းရှိလမ်းများ၊တံတားများနှင့် လမ်းမီးများတပ်ဆင်ခြင်းဖြင့် ကျေးရွာ၏အခြေ ခံအဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။

၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစု ဖော်ပြထားပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြည်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို သတ်မှတ်ကာလအတိုင်းပုံမှန်စစ် သွား နိုင်ပါမည်။ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင် ရန်ဖြစ်သည်။

(ခ)စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးသည်။တောင်သူများအတွက် အထွက်တိုးစေသော စပါးမျိုးစေ့များ နည်းပညာများနှင့် ပိုးကျရောက်ခြင်းကိုကာကွယ်နိုင်သောနည်းစနစ်များအားရရှိနိုင်ရန် သက်ဆိုင်ရာဦး စီးဌာန မှရရှိနိုင်သည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကို ရွာသူ/သားများအနေဖြင့်သိရှိမှုအားနည်းသဖြင့် ကျယ်ပြန့်စွာသိရှိနိုင်ရန်ဆောင်ရွက်သင့်သည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အချေးငွေများလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသောကြောင့် မြို့နယ်သမဝါယမ အသင်းကငွေချေးလိုသော ရွာသူ/သားများအတွက် ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့်သည်။

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များ အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားပြီး ငါးနှစ်တာစီမံချက်ကာလ အတွင်းချမှတ်ထားသော ပန်းတိုင်များရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဦးစားပေးတန်းစီခဲ့ကြသောလည်း စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ကျေးရွာလူထု သည်လတ်တလောလိုအပ်ချက်များကိုသာတိုင်ပင်ဆွေးနွေးကြသည်။ထို့ကြောင့် ပြင်းထန်သောသဘာဝဘေးအန္တရာယ်မပေါ်ပေါက်ပါကရေးဆွဲထားသော စီမံချက်သည်ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောက် အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက် များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေရွာလူထုသည် မှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

ဝမ်ဖိုင်ကျေးရွာအုပ်စု၊ဝမ်ဖိုင်ကျေးရွာ

အုပ်စုအလိုက်အမှတ်ပေးခြင်း

စဉ်	စီမံချက်များ	အုပ်စု(၁)	အုပ်စု(၂)	အုပ်စု(၃)	အုပ်စု(၄)	အုပ်စု(၅)	ရမှတ်ပေါင်း	အဆင့်
၁	ကျေးရွာအဝင်သစ်သားတံတားတည်ဆောက်ခြင်း	၂၀	၂၀	၂၀	၂၀	၂၀	၁၀၀	၁
၂	ကျေးရွာတွင်းတံတားအမှတ် (၁)တည်ဆောက်ခြင်း	၂၀	၂၀	၂၀	၂၀	၁၀	၉၀	၂
၃	လယ်သွားလမ်းများပြုပြင်ခြင်း	၁၅	၂၀	၁၅	၂၀	၁၅	၈၅	၃
၄	ကျေးရွာတွင်းတံတားအမှတ် (၂)တည်ဆောက်ခြင်း	၂၀	၂၀	၂၀	၁၀	၁၀	၈၀	၄
၅	ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း	၂၀	၂၀	၁၀	၅	၂၀	၇၅	၅
၆	လယ်သွားလမ်းတံတားတည်ဆောက်ခြင်း	၁၅	၁၅	၁၀	၁၀	၁၀	၆၀	၆
၇	ရေချိုးဆိပ်ပြုပြင်တည်ဆောက်ခြင်း	၁၅	၁၅	၅	၁၀	၅	၅၀	၇

အုပ်စု(၁)-လယ်သမားအဖွဲ့ အုပ်စု(၂)-အမျိုးသမီးအဖွဲ့ အုပ်စု(၃)-လူငယ်အဖွဲ့ အုပ်စု(၄)-ရပ်မိရပ်ဖအဖွဲ့
အုပ်စု(၅)-စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအဖွဲ့

(ဃ)အကောင်အထည်ဖော်မည့်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

ဝမ်ဖိုင်ကျေးရွာအုပ်စု၊ ဝမ်ဖိုင်ကျေးရွာ

နှစ်အလိုက်ဦးစားပေးအဆင့်ရွေးချယ်ခြင်း

စဉ်	စီမံချက်များ	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာအဝင်သစ်သားတံတားတည်ဆောက်ခြင်း	၁	✓			
၂	ကျေးရွာတွင်းတံတားအမှတ် (၁)တည်ဆောက်ခြင်း	၂	✓	✓		
၃	လယ်သွားလမ်းများပြုပြင်ခြင်း	၃	✓			✓
၄	ကျေးရွာတွင်းတံတားအမှတ် (၂)တည်ဆောက်ခြင်း	၄		✓		
၅	ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း	၅			✓	✓
၆	လယ်သွားလမ်းတံတားတည်ဆောက်ခြင်း	၆	✓			✓
၇	ရေချိုးဆိပ်ပြုပြင်တည်ဆောက်ခြင်း	၇		✓	✓	

၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျတ်အမာဏာမည်းသည် ရည်ညွှန်းမမှုနာကိုးကားရန်သာဖြစ်သည်။ဖော်ပြဖားသောဘတ်ဂျတ် ရည်ညွှန်းဘတ်ဂျတ်ပမာဏာတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှာများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်များ	ရန်ပုံငွေ (သန်း)	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး
၁	ကျေးရွာအဝင်သစ်သားတံတားတည်ဆောက်ခြင်း		✓		
၂	ကျေးရွာတွင်းတံတားအမှတ် (၁)တည်ဆောက်ခြင်း			✓	
၃	လယ်သွားလမ်းများပြုပြင်ခြင်း		✓		
၄	ကျေးရွာတွင်းတံတားအမှတ် (၂)တည်ဆောက်ခြင်း			✓	
၅	ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း				✓
၆	လယ်သွားလမ်းတံတားတည်ဆောက်ခြင်း		✓		✓
၇	ရေချိုးဆိပ်ပြုပြင်တည်ဆောက်ခြင်း			✓	✓

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုမှဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင် မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျေးရွာလူထု၏တာဝန်ဖြစ်သည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေး နှင့် စီမှခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့သည် ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း ကျွန်ုပ်တို့မတတ်နိုင်သောအကူအညီများကို အခြားမိတ်ဖက် အဖွဲ့ များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ဥပမာ ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် မြို့နယ်ပညာရေးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း၊မွေးမြူရေးနှင့်ပတ်သက်သောကိစ္စရပ်များအတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီးအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရသည်။

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုကာကြီးကြပ်မှုပေးပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကဲ့သို့သောကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်များ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထာရှိ မည်။ဥပမာ တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းစသော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်မည်။ ဥပမာ တံတားပြုပြင်ထိန်းသိမ်းရေးအတွက် တံတားကော်မတီ၊ စသည်ဖြင့်ဆောင်ရွက်စေပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အားစနစ်တကျကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ကြိုးစားဆောင်ရွက်ပါမည်။

လူထုကိုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော် ဆောင်ရွက်နေသည်ဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာသူ/သား အားလုံးတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်သွားပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေး ဆိုင်ရာတိုးတက်မှု တို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်ပြီး ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲနှင့်အဟန့်အတားများ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု
- ငွေသားနှင့် အခြားပစ္စည်းလက်ကျန်စာရင်း
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့ရသော အခက်အခဲများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာကို အနှစ်ချုပ်ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌ နှင့် မြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။၄င်းအစီရင်ခံစာတွင် အခက်အခြနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၃	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄	၈	၁၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၉	၂၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂	၁၃	၂၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၈	၆၈	၁၂၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁	၅	၆
စုစုပေါင်း		**၉၀**	**၁၀၆**	**၁၉၆**
စုစုပေါင်း အိမ်ထောင်စု		**၇၆**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။(၁)နှစ်အောက်ကလေးငယ်(၇)ယောက်သာရှိပါသည်။(၅)နှစ်အောက်ကလေးငယ်နှင့်မူလတန်းကျောင်းသားအရွယ်များ များပြားပါသည်။ အလယ်တန်းကျောင်းသားအရွယ်အရွယ်အတန်အသင့်ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်(၁၂၆)ယောက်ထိရှိသောကြောင့် အများဆုံးဖြစ်ပါသည်။ (၆၅)နှစ်အထက်သက်ကြီးရွယ်အို(၆)ယောက်ရှိပါသည်။ ကျေးရွာ၏ကျား/မ အချိုးမှာ ကွာဟမှုအနည်းငယ်သာရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၇	၁၇၂		မြင့်☑လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄	၇	၇	မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့်☐လတ်☑နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်☐လတ်☑နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်☐လတ်☑နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၄	၁၂		

